# ဒေါ်စုအတွက် ဂုဏ်ပြုတေးအယ်လ်ဘမ် (၃) ထောင်ကျော်ရောင်းရ

ပီတာအောင် / ၂၂ နိုဝင်ဘာ ၂၀၀၄ / ၁၇း၂၅

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ပြုသည့် For the Lady အမည်ရှိ တေးအယ်လ်ဘမ်ကို ပြီးခဲ့သည့်လက စတင်ဖြန့်ချိလျက်ရှိရာ တလပြည့်ခါနီးအချိန်တွင် စီဒီအချပ်ရေ (၃) ထောင်ကျော် ရောင်းချရပြီးဖြစ်ကြောင်း အယ်လ်ဘမ်စီစဉ်သည့် U.S Campaign for Burma အဖွဲ့က ထုတ်ဖော်ပြောကြားသည်။

အဆိုပါအဖွဲ့မှ မူဝါဒရေးရာ ညွှန်ကြားရေးမှူး ကိုအောင်ဒင်က "ခုထိတော့ ကျနော်တို့ဆီကနေ အခွေ (၃) ထောင်ကျော်လောက် ရောင်းချပြီးပါပြီ။ အမေရိကားနဲ့ ကနေဒါကဆိုင်တွေမှာလည်း Rhino တေးသံသွင်းကနေ ဖြန့်ချိနေပါတယ်။ ဝယ်အားရှိသလောက် ဆက်လက်ဖြန့်ချိသွားမှာပါ" ဟုပြောကြားသည်။

ယင်းအယ်လ်ဘမ်အား အမေရိကန်နှင့် ကနေဒါနိုင်ငံများရှိ ဆိုင်များတွင်သာ ဖြန့်ချိခြင်းဖြစ်သည်။ အာရှနှင့် အခြားဒေသမှ အလိုရှိသူများအနေဖြင့် U.S Campaign for Burma အဖွဲ့နှင့် Rhino တေးသံသွင်းများသို့ အင်တာနက်မှတဆင့်သာ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ အခွေ၏ရောင်းဈေးမှာ အမေရိကန်ဒေါ်လာ (၁၉) ဒေါ်လာနှင့် (၉၈) ဆင့်ဖြစ်သည်။

လောလောဆယ် အာရှနှင့် အခြားဒေသရှိဆိုင်များတွင် ဖြန့်ချိနိုင်ခြင်းမရှိသေးကြောင်း အာရှနှင့် မြန်မာပရိသတ်များအတွက် ချိုသာသောဈေးနှုန်းဖြင့် ဖြန့်ချိနိုင်ရန် နည်းလမ်းများ စဉ်းစားနေကြောင်း နာမည်ကြီးအဆိုတော် (၂၇) ဦးစလုံးနှင့် ဆက်ဆံရသည်ဖြစ်၍ ဖြန့်ချိရာတွင် ဥပဒေအရ အခက်အခဲများရှိကြောင်း ခေတ်ပြိုင်သို့ ပြောကြားသည်။

For the Lady တေးအယ်လ်ဘမ်တွင် နာမည်ကြီးအဆိုတော်များဖြစ်သည့် Bono, Paul McCartney, Eric Clapton, Sting တို့နှင့်အတူ ကမ္ဘာကျော်အဆိုတော်များ၏ သီချင်းစုစုပေါင်း (၂၇) ပုဒ် ပါဝင်သည်။

တေးအယ်လ်ဘမ်တွင် မကြာခင်က အကျဉ်းထောင်မှ လွတ်မြောက်လာသော ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် ရေးသားခဲ့သည့် သွေးမုန်တိုင်းသီချင်း၊ U2 တေးဂီတအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်အတွက် ဂုဏ်ပြုစပ်ဆိုထားသည့် Walk On သီချင်းကဲ့သို့သော သီချင်းဟောင်းများအပြင်၊ R.E.M အဖွဲ့ Pearl Jam အဖွဲ့တို့၏ တေးသီချင်းသစ်များလည်း ပါဝင်ကြသည်။

အခွေရောင်းချ၍ ရရှိသည့်အကျိုးအမြတ်များအား အခွေစီစဉ်သည့် အမေရိကန်အခြေစိုက် U.S Campaign for Burma အဖွဲ့ကြီးက လက်ခံရရှိမည်ဖြစ်ပြီး မြန်မာ့ဒီမိုကရေစီရေးအတွက် ကြိုးပမ်းလှုပ်ရှားရာတွင် ရန်ပုံငွေအဖြစ် အသုံးပြုသွားမည်ဟု ယင်းအဖွဲ့က ထုတ်ဖော်ပြောကြားသည်။

အင်တာနက်မှတဆင့် ဝယ်ယူလိုသူများအနေနှင့် အင်တာနက်စာမျက်နှာ

http://www.rhino.com/store/ProductDetail.lasso?Number=78443 နှင့်

http://www.uscampaignforburma.org/freedomstore/1111.html တို့တွင် ဆက်သွယ်ဝယ်ယူနိုင်သည်။ ■